မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F.* _____ *Volume 5/ Issue 1/January/ 2012*

## သတင်းလွှာအယ်ဒီတာ၏နှုတ်ခွန်းဆက်အမှာစကား

## 2012 Happy New Year

ပျော်ရွှင်ဖွယ်နှစ်သစ်၂၀၁၂ နှစ်ဖြစ်ပါစေဟူ၍ နှစ်သစ်၏ပထမဦးဆုံးလမှာ နှုတ်ခွန်းဆက်တောင်း ဆုချွေပါသည်။

ဘုရားသခင်သည် နေ့ရက်များကို ဖန်ဆင်းသောအရှင် ဖြစ်တော်မူသည်။ကမ္ဘာဦးကျမ်း၊ ၁း၃-၅ တွင် ဘုရားသခင်ကလည်း အလင်းဖြစ်စေဟု အမိန့်တော်ရှိ၍ အလင်းဖြစ်လေ၏။ထိုအလင်းကောင်းသည် ကို ဘုရားသခင်မြင်၍၊ အလင်းနှင့်မှောင်မိုက်ကို ပိုင်းခြားခွဲထားတော်မူ၏။ အလင်းကို နေ့ဟူသောအမည် ဖြင့်၎င်း၊ မှောင်မိုက်ကို ညဉ့်ဟူသောအမည်ဖြင့်၎င်း၊ ခေါ်ဝေါ်သမုတ်တော်မူ၍၊ ညဦးနှင့်နံနက်သည် ပဌမ နေ့ရက်ဖြစ်လေ၏။ ဟုဆိုထားပါသည်။ ကမ္ဘာဦးနေ့နှင့်ညမှစ၍ နေ့ရက်ပေါင်းများစွာကို ဖန်ဆင်းပါသည်။ နေ့သစ်သည် အရှေ့ဆီမှ ရောင်နီသန်းလာသည်နှင့် ညဉ့်အမှောင်ကို ဖြိုခွင်းကာ အစပြုဝင်ရောက်လာ၏။ နေ့ရက်ပေါင်း ၃၆၅/၃၆၆ ရက်တို့ဖြင့် ပတ်စည်းထားသော တစ်နှစ်တာကာလသည်လည်း တစ်နှစ်ပြီး တစ်နှစ် ခရစ်သက္ကရာဇ်၂၀၁၁တိုင်အောင် ကုန်ဆုံးလွန်မြောက်သွားပါပြီ။ နေ့ရက်တိုင်းသည် ထာဝရဘု ရားသခင် စီရင်တော်မူသော နေ့ရက်ဖြစ်၍ ဝမ်းမြောက်ရွှင်လန်း ကြကုန်အံ့။

ဤ၂၀၁၂ နှစ်သစ်မှာ ဘုရားသခင်၏ ဂတိတော်များ ဝန်းရံလျှက်၊ မျှော်လင့်စရာ အပြည့်အဝ ရှိနေပါသည်။ ဘုရားသခင်၏ ထံတော်ပါးမှ ကျေးဇူးတော်နှင့် ကောင်းကြီးမင်္ဂလာများက ကျွန်ုပ်တို့ကို အဆင်သင့် စောင့်ကြိုနေပါသည်။ ကျွန်ုပ်တို့ကို မျှော်လင့်ခြင်း ခွန်အားများပေးနေသည့် ဤ၂၀၁၂ နှစ်သစ် ကို ဘုရားသခင်၏ ဂရုဏာတော်နှင့် ဝင်စားရ သဖြင့် ရွှင်လန်းပါ။ ဝမ်းမြောက်ပါ။ ထို့အပြင် နေ့ရက်တိုင်း ၏အရှင် ဘုရားသခင်ကိုလည်း ကျေးဇူးတင်လျှက် ဂုဏ်တော်ချီးမွမ်းခြင်းဖြင့် ၂၀၁၂နှစ်သစ်ကို နှုတ်ခွန်း ဆက်ကြပါစို့။

ဘုရားသခင် ပြင်ဆင်ပေးသော ၂၀၁၂ နှစ်သစ်သို့ ဝင်ရောက်ခွင့်ရရှိကြသော မြန်မာခရစ်ယာန် မိတ်သဟာယ အသင်းတော်၏ သတင်းလွှာ *(BCF Newsletter)* ကို ဖတ်ရှုသူအပေါင်း ဘုရားသခင် ထံတော်ပါးမှ အဘယ်သူမျှ ကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် သခင်ယေရှု ခရစ်တော် အားဖြင့် သင်တို့၏ စိတ်နှလုံးတို့ကို စောင့်မပါစေသောဝ်…၊ အာမင်။ ။

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www.bcfla.org

# ၂၀၁၂ တစ်နှစ်တာလုံးအတွက် အလင်း

နှစ်သစ်မှာ Resoulutionsသံဓိဌါန်တွေချလို့ Plansစီမံကိန်းတွေဆွဲကာ Goalsပန်းတိုင်သို့ အရောက်သွားမည် ဆိုတာကြတာတွေ ဆန်းသစ်သောအရာမဟုတ်ပါ။ နှစ်သစ်ကူးတိုင်းမှာ လူအများစု လုပ်နေကြတာပါ။ နှစ်စမှသည်နှစ်လယ်၊ နှစ်လယ်မှသည်နှစ်ဆုံးထိတိုင် အောင်မြင် စွာလုပ်ဆောင်နိုင်သူ ရှိသည်နည်းတူ ကျရှုံးသူများလည်းမနည်းပေ။

အမှန်မှာ မိမိအလိုအတိုင်း၊ မိမိစိတ်ကြိုက်လုပ်ဆောင်ရန် မိမိစွမ်းအား၊ကိုသာ အားကိုးနေလျှင် အောင်မြင်စွာဖြတ်သန်းရန် အင်အားမလုံလောက်ပါ။ တစ်နှစ်တာခရီးကိုလျှောက်ရန် ဘုရားသခင်နှင့်အ တူသွားပါမှ ခရီးရောက်ပါမည်။ ၂၀၁၂တွင် ဘုရားသခင်သည် ကျွန်ုပ်တို့အနီးအပါး၌ ရှိနေလျှင် ကျွန်ုပ်တို့ အားနည်းစဉ် ချမ်းသာပေးမည်။ ကျွန်ုပ်တို့ခေါ်သောအခါ ထူးမည်။ ကျွန်ုပ်တို့ဒုက္ခရောက်လျှင် ကယ်နှုတ် မည်။

ဘုရားသခင်ပါသော ၂၀၁၂နှစ်သစ်မှာ အောက်ပါအချက်များကို အလင်းအိမ်သဖွယ် လက်ကိုင် ထားလျှင် ကျွန်ုပ်တို့၏ ဘဝခရီးကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ပါမည်။

၁။ ယေရှုခရစ်တော်သည် လက်ဝါးကားတိုင်ပေါ်တွင် အသက်တော်စွန့်ခြင်းဖြင့် ကျွန်ုပ်တို့တွက် ကြောက် မက်ဖွယ်သောစွန့်လွှတ်မှုကို ပြု၍ ပြစ်ကြွေးကို ပေးဆပ်ခဲ့သည်။ ကျွန်ုပ်တို့သည် သခင့်အတွက် စိတ် အားထက်သန်စွာဖြင့် ပြန်ပေးရန် အသင့်ရှိပြီလား။

၂။ ကျွန်ုပ်တို့သည် နေ့ရက်စဉ်တိုင်း အကြိမ်ကြိမ်ထပ်လောင်း၍ သခင်ကို ချီးမွမ်းထောမနာသီချင်း ကျူးဆို ကြသည်။ သခင့်ထံတော်ပါးသို့ တိုးညင်စွာ ဆုတောင်းခြင်းဖြင့်လည်း မိတ်သဟာယဖွဲ့ပါ။

၃။ မည်သူမျှ ကျွန်ုပ်တို့တွက် ဘုရားသခင်ကို ရှာဖွေမပေးနိုင်။ ဘုရားသခင်တစ်ပါးတည်းသာ ကျွန်ုပ်တို့ကို ရှာဖွေလျှောက်ရှိပါသည်။။ ကျွန်ုပ်တို့ စိတ်နှလုံးတံခါးဖွင့်လျှက် ဘုရားရှင်ကို လက်ခံရန် ကျွန်ုပ်တို့အပေါ် တွင်သာ မူတည်သည်။

၄။ အသင်းတော်နှင့် သက်ဆိုင်သော ဆင်ယင်ကျင်းပရမည့်ပွဲများကို ဝတ္တရားတစ်ရပ်အရ မလုပ်ပါနှင့်။ ကျွန်ုပ်တို့ သဘောထားနှင့် ကျင့်ကြံပြုမူခြင်းသည် အသင်းတော်အတွက်သာ ဖြစ်ရမည်။ ထိုပြုမူချက် သည် အဆင့်ဆင့်ပံ့ပွားနိုင်ဖြင့် လိုက်လျောညီစွာ ကျင်းပဆင်နွဲပါ။

၅။ ခရစ်ယာန်များသည် တစ်သီတစ်ခြား (တစ်သီးပုဂ္ဂလ) ရပ်တည်သူများ မဟုတ်ရပါ။ ဝိညာဉ်မိသားစု ဝင်များဖြစ်ကြသဖြင့် အချင်းချင်း တစ်ဦးကိုတစ်ဦး လိုအပ်ပါသည်။

၆။ ဘုရားသခင်ထံ တောင်းခံပါ။ တောင်းကြလော့။ တောင်းလျှင်ရမည်။ သို့သော် သည်းခံလျှက် စောင့် ဆိုင်းပါ။ ဘုရားရှင်၏အလိုတော် အချိန်ဇယားအတိုင်း သင်၏ဆုတောင်းချက် အဖြေရလိမ့်မည်။ သင်၏ အလိုအတိုင်း မဟုတ်ပါ။

၇။ ဘုရားသခင်ကို စကားပြောလိုလျှင် ပြောပါ။ မအော်ဟစ်ပါနှင့်။ တိတ်ဆိတ်သောအရပ်သို့ သွားလျှက် နားထောင်ပါ။ ကျွန်ုပ်တို့ သေချာစွာ စူးစိုက်၍ နားထောင်နေမှုရှိပြီဆိုလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့ ကို စကားစတင်၍ ပြောပါလိမ့်မည်။

၈။ ယေရှုခရစ်တော်သည် အစေခံဖို့ရန် ကြွဆင်းလာသူဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် သခင်၏ နောက်တော်လိုက် တပည့်များဖြစ်လိုလျှင် အစေခံရမည်။ လိုအပ်လျှင် အနစ်နာခံ စွန့်နိုင်ရမည်။

၉။ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာတွင် ဘုရားသခင်ကို ဦးထိပ်ထားပါ။ ဘုရားသခင်တစ်ပါးတည်းသာ ပထမဦးစား ပေးထိုက်သူဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ဦးစားပေးမှုမရှိ ထားချင်သည့် နေရာမှာထားလျှင် ကျွန်ုပ်တို့မှားနေသဖြင့် ဘုရားသခင်နှင့်ဆက်သွယ်မှုမှာ မမှန်ကန်နိုင်ပါ။

၁၀။ ကျွန်ုပ်တို့သည် ယုံမှားသံသယ မရှိနိုင်လောက်အောင် ဘုရားသခင်၏ အထူးစပါယ်ရှယ်များ ဖြစ်ကြ၏။ ကျွန်ုပ်တို့လည်း မိမိကိုယ်ကို အထူးစပါယ်ရှယ်များ ဖြစ်ကြပါသလား။

၁၁။ ကျွန်ုပ်တို့၏ ဘဝတွင် မကျေမနပ်ဖြစ်နေသောအခါ၊ ဘုရားသခင်ကို တိုး၍ ယုံကြည်ကိုးစားပါ။ သို့မှ မကျေနပ်မှုများ လျော့နည်းသွားပါလိမ့်မည်။

၁၂။ ဘုရားသခင် ချပေးပေးတော်မူသော လက်ဆောင်ကို ဥပေက္ခာမပြုပါနှင့်။ နံနက်တိုင်း နေထွက်လာခြင်းသည် ဘုရားသခင်ထံမှ ကျွန်ုပ်တို့လက်ခံရရှိသည့် လှပစွာထုပ်ထားသော လက်ဆောင်အသစ်ဖြစ်၏။ ထိုလက်ဆောင်ထုပ်ကို ဖွင့်ပါ။ တန်ဖိုးထားပါ။ အသုံးပြုပါ။ လက်ဆောင်ထုပ်ပေးသောသူကို ကျေးဇူးတင်ပါ။

၁၃။ ကျွန်ုပ်တို့ အသက်တာတွင် ဘုရားနှုတ်ကပါတ်တော်အတိုင်း လိုက်လျှောက်မည်ဆိုလျှင် ထိုလမ်းစဉ်သည် ပူပင်သောက လျော့နည်း၍ ဘုရားသခင်ကို ပိုမိုကိုးစားမည်။

၁၄။ ကျွန်ုပ်တို့ ဘုရားသခင်ကို ရိုသေလေးမြတ်ခြင်းသည် ဘုရားစကားကို ငြင်းပယ်ရန် ကြောက်ရွံ့စေ၏။ ဘုရားစကားကို မနာခံခြင်းသည် အလွန်ကြောက်ရွံ့ဖွယ်ဖြစ်ကြောင်း သိမှတ်စေပါ။။

၁၅။ မှန်ကန်သော အပြောအဆို တွေ့အကြုံ၏ရလဒ်သည် ယေရှုခရစ်တော်အားဖြင့် ကျွန်ုပ်တို့အသက်တာကို ပြောင်းလဲစေသည့်အပြင် ယေရှုခရစ်တော်၏ ခြေတော်ရာအတိုင်း နောက်တော်လိုက်ဖို့ရန် အာမခံချက်တစ်ရပ်လည်း ဖြစ်ပါသည်။

၁၆။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို တွေ့မြင်၍ ကျွန်ုပ်တို့ကျေနပ်အားရမည်ဆိုလျှင် ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိခဲ့သော လောကအရာများ၏ ကောင်းမြတ်ခြင်းကို စိတ်ပျက်လာလိမ့်မည်။

၁၇။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းမရှိလျှင် ဘယ်သောခါမျှ တောင်များကို ရွှေ့နိုင်မည်မဟုတ်။ သို့သော် ယုံကြည်ခြင်းရှိလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ အရာရာကို အတိုင်းအဆမရှိ ပြီးမြောက်အောင် လုပ်ဆောင်နိုင်ပါသည်။


၁၈။ ဘုရားသခင်၏ ဖန်ဆင်းတော်ခြင်း ထူးဆန်းအံ့သြဘွယ်ရာများကို လက်မလွှတ်စေနှင့်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ အားလုံးရှိသည်။

၁၉။ ဘုရားသခင်၌ ကျွန်ုပ်တို့အတွက် ကြီးမားသောအကြံအစည်များ ရှိ၏။ သို့သော်သူ၏အလိုတော်နှင့် အကြံစည်တော် မပြီးပြည့်စုံမီ ကျွန်ုပ်တို့အား သင်ခန်းစာ အနည်းငယ် ပေးကောင်းပေးပါလိမ့်မည်။ မသိမမြင်နိုင်သည့် အကြံအစည်တော်၌ ဘုရားသခင်ကို ကိုးစားတတ်အောင် တွေ့မြင်ရသည့်တိုင် ဘုရားရှင်၏ မစဖြည့်ဆီးမှုများက သင်ခန်းစာပေး သွန်သင်၏။

၂၀။ ဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားသခင်၏ကြောက်ရွံ့ရိုသေဖွယ်ကောင်းသော တန်ခိုးတော်ကိုသိမှတ်စေသည်။ ထို့အတူ ကျွန်ုပ်တို့ နေ့စဉ် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းသည် ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၌ ဘုရားသခင် အတူရှိကြောင်း ဖြစ်သည်။

ဘဝအသက်တာဟူသည် ချစ်ခြင်းမေတ္တာအတွင်းသို့ ခရီးနှင်ခြင်းဖြစ်ပြီး ဘုရားသခင်ကို ချစ်သောဝိညာဉ်ထက်ပို၍လှပသော အရာမရှိဟု ကျွန်ုပ်တို့ သိမြင်လျှင် မေတ္တာဖြင့် လက်တွေ့လုပ်ဆောင်ပါ။

---

# အကောင်းဆုံး  လက်ဆောင်









တခါက အောင်မြင်သော ခရစ်ယာန် လုပ်ငန်းရှင်တစ်ယောက်သည် နှစ်ကုန်ခါနီး ခရစ္စမတ်အကြိုနေ့တွင် အလုပ်အလွန်ကြိုးစားကြသော အလုပ်သမားအယောက်စီတိုင်းအား လက်ဆောင်ပေးလိုသည်။ ဒေါ်လာသုံးလေးရာတန်သော လက်ဆောင်ကောင်း အမျိုးမျိုးတို့ကို ဝယ်ယူ၍ စားပွဲအကြီးတစ်ခုအပေါ်တွင် ပုံထား လိုက်သည်။ လက်ဆောင်များထဲတွင် သမ္မာကျမ်းစာ အသစ်စက်စက်တစ်အုပ်ကိုလည်းတွေ့ရသည်။ အလုပ်ရှင်က အလုပ်သမားများကို ကြိုက်သောလက်ဆောင် ရွေးယူရန် ပြောလိုက်သည်။ ထိုအခါ အလုပ်သမားအားလုံနီးပါးသည် လက်ဆောင်ကောင်းများကို အလုအယက် ရွေးယူကြသည်။ မည်သူမျှ ကျမ်းစာအုပ်အသစ်ကို စိတ်ဝင်စားခြင်းမရှိ။ နောက်ဆုံး၌ လက်နှေး၍ အသက်ကြီးသော ခရစ်ယာန်အလုပ်သမားအို တစ်ယောက်သာ ကျန်တော့သည်။ ဤအချိန်တွင် စားပွဲပေါ်၌ လက်ဆောင်နှစ်ခုသာ ကျန်သည်။ လက်ဆောင်အမြောက်အများထည့်ထားသော လက်ဆောင်ခြင်းတောင်း **(Gift Basket)** အကြီးတစ်လုံးနှင့် သမ္မာကျမ်းစာအုပ်သာ ကျန်သည်။ ထိုအခါ အလုပ်သမားအားလုံးလိုလို ဤခရစ်ယာန်အိုကို သြဘာပေး၍ လက်ဆောင်ခြင်းတောင်းကြီးကို ရွေးယူရန် တိုက်တွန်းကြသည်။ အလုပ်သမားအိုက သူ့အိမ်၌ရှိသော ကျမ်းစာအုပ်သည် အလွန်ဟောင်း နွမ်းစုတ်ပြတ်နေပြီဖြစ်သောကြောင့် ကျမ်းစာအုပ်ကိုသာ ရွေးယူမည်ဖြစ်ကြောင်း ပြောကြားကာ ကျမ်းစာအုပ်ကို ရွေးယူလိုက်သည်။ အားလုံးလိုလို အံ့သြသွားကြသည်။ ပို၍အံ့သြသွားကြသည်မှာ ဤခရစ်ယာန်အလုပ်သမားအိုသည် ကျမ်းစာကို ဖွင့်လိုက်သောအခါ ငွေငါးထောင်တန် ချက်လက်မှတ်တစ်စောင် ထွက်ကျလာသည်ကို တွေ့ရသည်။ အံ့အားသင့်လွန်းသဖြင့် အလုပ်ရှင်မှလွဲ၍ အားလုံးပါးစပ်ဟကာ ငြိမ်ကျသွားသည်။ ပစ္စည်းဥစ္စာ တပ်မက်၍ သမ္မာကျမ်းစာအုပ်ကို မရွေးမိသည်ကို နောင်တရကြသည်။ အလုပ်ရှင်မှာမူကား ပြုံးကြည့်နေသည်။ ခရစ်ယာန်အလုပ်သမားအဖိုးအိုလည်း ကျေးဇူးတော်ကိုချီးမွမ်း လျှက်ပြုံးနေသည်။ ။ *John Ma*

မှတ်ချက်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက ရန်ကုန်ခရစ်တော်မက်သသစ်ဘုရားကျောင်း၌ ဆရာတစ်ပါး၏တရားဟောချက်မှ ဥပမာတစ်ခုကို ပြန်လည်ဖေါ်ပြခြင်း ဖြစ်ပါသည်။




**ဖေက်၊၄း၃၂–ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့ အချင်းချင်း အပြစ်လွှတ်ခြင်း ရှိကြလော့။**

– ကျွန်ုပ်တို့သည် အဘယ်ကြောင့် ခရစ်ယာန် ဖြစ်ကြသနည်း။

– ခရစ်ယာန်တို့၏ အဓိကပန်းတိုင် ဆိုသည်ကား အဘယ်နည်း။

ကျွန်ုပ်တို့သည် ယေရှုခရစ်တော်ကို ယုံကြည်သောကြောင့် ခရစ်ယာန် ဖြစ်လာကြပါသည်။ ခရစ်ယာန်တို့၏ အဓိကပန်းတိုင် ဆိုသည်ကား – နှုတ်ကပါတ်တော်မှဖေါ်ပြသော သမ္မာတရားအတိုင်း အသက်ရှင်နေထိုင်ပြီး သေလွန်သောအခါ အပါယ်ငရဲသို့မကျဘဲ၊ ကောင်းကင်ဘုံသို့ ရောက်ရှိရန် ဖြစ်ပါသည်။

**ရှင်ယောဟန်၊ ၆း၄၇ – ငါအမှန်အကန်ဆိုသည်ကား၊ ငါ့ကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။**
**ရှင်ယောဟန်၊ ၆း၄၀ – သားတော်ကို ကြည့်မြင်၍ ယုံကြည်သောသူရှိသမျှတို့သည် ထာဝရအသက်ကို ရစေ ခြင်းငှါရင်း အလိုတော်ရှိ၏။**

– ယေရှုခရစ်တော်သည် ဘုရားသခင်၏သားတော် ဖြစ်သည်ကို ကျွန်ုပ်တို့ ခရစ်ယာန်များက ယုံကြည်ကြပါသည်။ ယခုဘဝ၊နောက်ဘဝ စိတ်ချရသော အသက်တာကို ရရှိရန်မှာ ယေရှုခရစ်တော်ကို ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏အဓိကအချက် ဖြစ်ပါသည်။

**ယော၊၃း၁၇ – လောကီသားတို့အား အပြစ်စီရင်ခြင်းငှါ၊ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း စေလွှတ်တော်မူ၏။**
**၁တိမောသေ၊ ၁း၁၅ – ယေရှုခရစ်သည် အပြစ်ရှိသောသူတို့ကို ကယ်တင် ခြင်းငှါ၊ ဤလောကသို့ကြွလာတော်မူသည် ဟူသောစကားသည် သစ္စာစကားဖြစ်၏။ အကြွင်းမဲ့ ခံယူအပ်သော စကားလည်းဖြစ်၏။**

– ဤကျမ်းချက်များသည် ကျွန်ုပ်တို့အားလုံးအဖို့ ဝမ်းမြောက်ဖွယ်ရာဖြစ်သည်ကို မည်သူမျှ မငြင်းနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် –

(၁) ကျွန်ုပ်တို့သည် အပြစ်သားများ ဖြစ်ကြသည်။
(၂) မိမိအပြစ်ကို ဆေးကြောခြင်းငှါ မတတ်နိုင်သဖြင့် မိမိကိုယ်ကို မိမိမကယ်တင်နိုင်ပါ။
(၃) မည်သူမျှ ပညတ်တရား၏ အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ မရောက်နိုင်ပါ။

**ဂလာတိ၊၂း၁၅–၁၆၊– လူတို့သည်ပညတ်တရား၏အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့မရောက်။ ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ကြသည်ကို အပြစ်ထင်ရှားသော တပါးအမျိုးသားမဟုတ်ဘဲ၊ ဇာတိအမျိုးအားဖြင့် ယုဒလူဖြစ်သော ငါတို့သည် အမှန်သိသည်နှင့်အညီ ပညတ်တရား၏အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့မရောက်၊ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ၊ ငါတို့ပင် ယေရှုခရစ်ကို ယုံကြည်ကြပြီ။**

ကျွန်ုပ်တို့သည် မည်မျှပင် ကျင့်ကြံအားထုတ်ပါသော်လည်း ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူ၊ အပြစ်ကင်းစင်သောသူ၊ မဖြစ်နိုင်ပါ။ ထို့ကြောင့်ကယ်တင်ခြင်းရရှိရန်အတွက် ခရစ်တော်ကိုသာ ယုံကြည်ခြင်းမှတပါး အခြားဘာမျှမရှိသည်ကို သမ္မာကျမ်းစာက ဖေါ်ပြထားပါသည်။

**ရှင်ယောဟန်၊၆း၂၈ – ထိုသူတို့ကလည်း၊ ဘုရားသခင်၏အလိုတော်နှင့်ညီသော အကျင့်ကိုကျင့်ခြင်းငှါ အဘယ်သို့ ပြုရပါမည်နည်းဟု မေးလျှောက်ကြ၏။**
**ရှင်ယောဟန်၊၆း၂၉ – ယေရှုကလည်း ဘုရားသခင်စေလွှတ်တော်မူသောသူကို ယုံကြည်ခြင်းအကျင့်ကား၊ အလိုတော်နှင့်ညီသောအကျင့်တည်းဟု မိန့်တော်မူ၏။**

ဤသို့ဆိုသော် ယုံကြည်ခြင်းတစ်ခုကိုသာ လက်ကိုင်ထားလျက်၊ သမ္မာတရားနှင့်ညီသည်ဖြစ်စေ၊ သမ္မာတရားနှင့်မညီသည်ဖြစ်စေ၊ လုပ်ချင်ရာကိုလုပ်နိုင်သော လိုင်စင်ရထားသည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ ကယ်တင်ခြင်းရရှိပြီးသောသူသည် သမ္မာတရားမှ သွေဖီသောအမှုကို မပြုနိုင်တော့ပါ။

**ရောမ၊ ၃း၃၁ – သို့ဖြစ်လျှင်၊ ယုံကြည်ခြင်းအားဖြင့် ငါတို့သည် ပညတ်တရားကို ပယ်ကြသလော။ အလျှင်းမပယ်၊ သာ၍တည်စေ၏။**

ဤကျမ်းချက်သည် ကျွန်ုပ်တို့ခရစ်ယာန်များအတွက် အဓိကဖြစ်သည်ဟု ဆိုချင်ပါသည်။ ခရစ်တော်ကို ယုံကြည်လျှင် ခရစ်တော်၏စကားကို နားထောင်ရပေမည်။ နာခံလုပ်ဆောင်မှု မပါလျှင်၊ စစ်မှန်သော ယုံကြည်ခြင်း မဖြစ်နိုင်ပါ။

ဤရှည်လျားသော နိဒါန်းကို ပျိုးရခြင်းမှာ–ကျွန်ုပ်၏ ခရစ်ယာန်ဘဝအသက်တာ၌ အရေးကြီးသောပြောင်းလဲပြုပြင်ခြင်း တစ်ရပ်ကို မိတ်ဆွေတို့အား ဝေငှလိုသောကြောင့် ဖြစ်ပါသည်။

ကျွန်ုပ်သည် တနင်္ဂနွေဥပုသ်နေ့တိုင်း၌ ဝတ်ပြုကိုးကွယ်ခြင်းကို မပျက်ကွက်ခဲ့ပါ။ အသင်းတော်၏ မိတ်သဟာအဖွဲ့၊ ဆုတောင်းအစည်းအဝေး၊ အစာရှောင်ဆုတောင်း၊ ဆယ်ဖို့တစ်ဖို့အပါအဝင် အလှူတော်ငွေပေးဆောင်ခြင်း၊ သာရေးနာရေးမှအစ အမှုတော်မြတ်၌ အတတ်နိုင်ဆုံးပါဝင်လုပ်ဆောင်သူတစ်ဦး ဖြစ်ပါသည်။ ကျွန်ုပ်၏အသက်တာတွင် သူတပါးကိုအပြစ်တင်ခြင်း၊ သူတပါးကိုစီရင်ခြင်း၊ သူတပါးကိုကဲ့ရဲ့ခြင်း၊ မိမိပျော့ကွက်ဟာကွက်ကိုခုခံခြင်း၊ ဆင်ခြေဆင်လက်ပေးခြင်းများကို မပြုမိအောင် ဆင်ခြင်နေထိုင်ပါသည်။

သို့သော် ကျွန်ုပ်၌ အလွန်ကြီးမားသော အပြစ်ကြီးတစ်ခုကို တွေ့ရှိလိုက်ရပြီး၊ နေမထိထိုင်မထိဖြစ်ကာ စစ်မှန်သောပျော်ရွှင်မှု မရှိတော့ပါ။

ကျွန်ုပ်၏အပြစ်သည်ကား–ကောင်းကင်ဘုံသို့သွားရာလမ်း၌ လမ်းပိတ်ထားသော ကျောက်တုံးကြီးပင်ဖြစ်ပါသည်။ ထိုကျောက်တုံးကြီးကို ကျွန်ုပ်ကိုယ်တိုင်ချထားသည်ဖြစ်၍ ကျွန်ုပ်မှတပါး မည်သူမျှရွှေ့ပစ်နိုင်သောအရာမဟုတ်ပါ။ ထိုကျောက်တုံးကြီးကိုမရွှေ့လျှင်၊ ကျွန်ုပ်သည် ကောင်းကင်ဘုံသို့ ဘယ်နည်းနှင့်မျှရောက်နိုင်မည်မဟုတ်တော့ပါ။ အပါယ်ငရဲသို့သာ သွားရပါလိမ့်မည်။

ကျွန်ုပ်မသိကျိုးကျွံပြု၍နေထိုင်ခဲ့သောအပြစ်မှာ သူတပါး၏အပြစ်ကို ချည်နှောင်ထားခြင်းပင်ဖြစ်ပါသည်။ ထိုသူတို့သည် တစိမ်းတရံစာများ မဟုတ်ပါ။ ကျွန်ုပ်၏တအူတုံဆင်းပေါက်ဖေါ်နှင့် ဇနီးသားသမီးများပင်ဖြစ်ပါသည်။ ထိုသူတို့၏ အပြစ်ကို အလွန်အဘိုးထိုက်တန်သော ရတနာများကဲ့သို့ နှစ်ရှည်လများ သိမ်းထားခဲ့ပါသည်။ ကျွန်ုပ်မြတ်နိုးသော ရတနာများ ပျောက်ဆုံးဘူးပါသည်။ သို့သော် ကျွန်ုပ်သိမ်းဆည်း

ထားသော သူတို့၏အပြစ်များမှာ ဘယ်သောခါမျှပျောက်ပျက်ခြင်းမရှိဘဲ၊ အဘိုးအလွန်ထိုက်သောဘဏ္ဍာကဲ့သို့ ထိုသူတို့၏အပြစ်ကို ကျွန်ုပ်၏ရင်ထဲ၌ သိုဝှက်သိမ်းဆည်း ထားပါသည်။

ဖေါ်ပြရန် မသင့်သောကြောင့် မဖေါ်ပြတော့ပါ။ သို့သော် ထိုသူတို့ကို ကျွန်ုပ်ကောင်းစွာ ပြုစုခဲ့ပါသည်။ အဘယ်မျှ ကြီးမားသောအပြစ်ကို သူတို့အား ကျွန်ုပ်ပြုမိခဲ့သနည်းဟု စဉ်းစား၍မရပါ။ ကျွန်ုပ်၏အပေါ်၌ ချစ်ခြင်းမေတ္တာမရှိ၊ ကိုယ်ချင်းစာတရားမရှိ၊ အရင်းအချာဖြစ်ပါလျက် ဤမျှလောက် ရက်စက်နိုင်လေခြင်းဟု အသဲနှလုံးမှာ နာကျင်ရသောကြောင့် ခွင့်လွှတ်ခြင်းငှါ မတတ်နိုင်အောင် ဖြစ်ရပါသည်။

ဤသို့ဆိုလျှင် သခင်ခရစ်တော်ကို ယုံကြည်ပါသည်ဆိုသောကျွန်ုပ်သည် ခရစ်တော်၏စကားကို နာခံလိုက်လျှောက်ပါသလား။

**ရှင်မဿဲ၊၁၈း၃၅– သင်တို့သည်လည်း ညီအစ်ကို အချင်းချင်းတို့ကို စိတ်နှလုံးပါလျက် အပြစ်မလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ရှိတော်မူသောငါ၏အဘသည် ထိုနည်းတူ သင်တို့ကို စီရင်တော်မူလတ္တံ့ဟုမိန့်တော်မူ၏။**

သူတပါးပြစ်မှားသောအပြစ်ကို ခွင့်လွှတ်ရန် ခရစ်တော်က သွန်သင်ခဲ့ပါသည်။ ပဌနာတော်၌–

**ရှင်မဿဲ၊ ၆း၁၂ "သူတပါးသည် အကျွန်ုပ်တို့ကို ပြစ်မှားသောအပြစ်များကို အကျွန်ုပ်တို့သည် လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏အပြစ်များကို လွှတ်တော်မူပါ"** ဟူသောဆုတောင်းချက်ကို ခရစ်ယာန်တိုင်းက သိရှိကြပါသည်။ ဤပဌနာတော်ကို ရွတ်ဆိုတိုင်း၊ စိတ်နှလုံးပါလျှက် ညီအစ်ကိုအချင်းချင်းတို့ကို အပြစ်လွှတ်ပါသလားဟု မိမိကိုယ်မိမိ မေးမိပါသည်။

**ရှင်မဿဲ၊ ၁၈း၂၁–၂၂ ထိုအခါ ပေတရုသည် ချဉ်းကပ်၍၊ သခင်၊ ညီအစ်ကိုသည် အကျွန်ုပ်ကို ပြစ်မှား၍ အကျွန်ုပ်သည် သူ၏ အပြစ်ကို ဘယ်နှစ်ကြိမ် လွှတ်ရပါအံ့နည်း။ ခုနစ်ကြိမ်မြောက်အောင် လွှတ်ရပါအံ့လောဟု မေးလျှောက်သော်၊ ယေရှုက၊ ခုနစ်ကြိမ်မြောက်အောင် လွှတ်ရမည် ငါမဆို။ အကြိမ်ခုနစ်ဆယ် ခုနစ်လီ မြောက်အောင် လွှတ်ရမည် ငါဆို၏။**

ခရစ်တော်၏ဆိုလိုချက်သည် အလွန်ရှင်းပါသည်။

မည်သူမျှ ကျွန်ုပ်တို့ကို အကြိမ်ခုနစ်ဆယ်မြောက်အောင် ပြစ်မှားမည် မဟုတ်ပေ။

ကျွန်ုပ်တို့က သူတပါးအပြစ်များကို ချွင်းချက်မရှိ၊ အကြွင်းမဲ့လွှတ်ရန် ဖြစ်ပါသည်။

နောက်ထပ် ခရစ်တော်သွန်သင်သော ကျမ်းချက်တစ်ချက်မှာ–

**ရှင်မဿဲ၊ ၅း၂၃–ထိုကြောင့်သင်သည် ပူဇော်သက္ကာကို ယဇ်ပလ္လင်သို့ ဆောင်ယူခဲ့လျက် သင်၏ညီအစ်ကိုသည် သင်၌အပြစ်တင်ခွင့် တစုံတခုရှိသည်ဟု အောက်မေ့သတိ ရလျှင်၊ ယဇ်ပလ္လင်ရှေ့မှာ ပူဇော်သက္ကာကို ထား၍သွားလော့။ ညီအစ်ကိုနှင့် သင့်တင့်ပြီးမှ ပြန်၍ပူဇော်သက္ကာကို တင်လော့။**

ဤကျမ်းပိုဒ်သည် ကျွန်ုပ်ကို အထူးခွန်အားဖြစ်စေပါသည်။ သူတထူး၏အပြစ်ကို စိတ်ထဲ၌ထည့်ထားသရွေ့ ထိုသူနှင့်သင့်မြတ်ခြင်းမရှိနိုင်ပါ။ စိတ်နှလုံးပါလျက်အပြစ်ကိုလွှတ်မှသာလျှင် ထိုသူနှင့်သင့်တင့်နိုင်မည်။ ကျွန်ုပ်သည် အမှုတော်မြတ်၌ မည်မျှပါဝင် ဆက်ကပ်သော်လည်း သူတပါး၏ အပြစ်ကို စိတ်နှလုံးပါလျက်နှင့် ခွင့်မလွှတ်လျှင် အချည်းနှီးပင် ဖြစ်သည်ဟု သမ္မာကျမ်းစာက ဖေါ်ပြနေပါသည်။

ကျွန်ုပ်ကို အချိန်မှီ အသိတရား ပေးသနားတော်မူသော ထာဝရဘုရား၏ ကျေးဇူးတော်ကား ကြီးမားလှပေသည်။

ဆရာကြီးပီမိုးနင်းက "သည်းခံခြင်းတရားသည် ခါးသီးလှ၏။ သို့သော် သူ၏အသီး အပွင့်များကား ချိုမြိန်လှပါသည်" ဟုရေးသားခဲ့ပါသည်။ "သည်းခံခြင်းနှင့်ခွင့်လွှတ်ခြင်း"သည် တူသလိုလို ရှိသော်လည်းလုံးဝမတူပေ။ ကျွန်ုပ်တို့သည် "သည်းခံ"လိုက်သော်ငြားလည်း "ခွင့်လွှတ်ခြင်း" မရှိသည်ကိုလည်း တွေ့ရပါသည်။

အမှန်ကိုဝန်ခံရလျှင် ထိုသူတို့၏ အပြစ်ကို ခွင့်လွှတ်ရန်မှာ ကျွန်ုပ်အတွက် အလွန်ခက်ခဲသော ပြဿနာတစ်ခု ဖြစ်ပါသည်။ သို့သော် ခရစ်တော်ဘုရားက ကျွန်ုပ်တို့၏ အပြစ်ကို လွှတ်ရန်မှာ မူကား– ဘယ်သောအခါမျှ ပြဿနာ မရှိခဲ့ပါ။ ကျွန်ုပ်အနေနှင့်လည်း မိမိကိုယ်မိမိ လိမ်ညာပြီး၊ ခပ်တည်တည်နှင့်အမှုတော်မြတ်၌ ပါဝင်ဆက်ကပ်ခြင်းမှ လွတ်မြောက်လိုပါသည်။ ကျွန်ုပ် မတတ်နိုင်သော်လည်း ဘုရားတတ်နိုင်ပါ၏။ ယေရှုခရစ်တော်ဘုရားမှာမူကား မိမိကို ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့သော ရန်သူတို့ကိုပင်လျှင် အပြစ်လွှတ်ခဲ့ပါသည်။

**ရှင်လုကာ၊၂၃း၃၄– ယေရှုကလည်း၊ အိုအဘ၊ သူ့တို့၏အပြစ်ကိုလွှတ်တော်မူပါ။သူတို့သည်ကိုယ်ပြုသော အမှုကိုမသိကြဟု မြွက်ဆိုတော်မူ၏။**

လူထင်သည့်အတိုင်း မတတ်နိုင်သော်လည်း ထာဝရဘုရား မတတ်နိုင်သောအရာ တစ်စုံတစ်ခုမျှမရှိပါ။ထိုကြောင့် ကျွန်ုပ်သည် ခရစ်တော်ဘုရားကို မျှော်ကြည့်လျက်၊ သူတစ်ပါး၏အပြစ်ကို ခွင့်လွှတ်နိုင်ရန် နေ့စဉ်နေ့တိုင်း၊ ညစဉ်ညတိုင်း ဆုတောင်းခဲ့ပါသည်။ ထာဝရဘုရားကလည်း ကျွန်ုပ်၏ဆုတောင်းချက်ကို ကြားခဲ့ပါသည်။

ယခုအခါတွင် ချစ်ခြင်း၊ဝမ်းမြောက်ခြင်း၊ငြိမ်သက်ခြင်းနှင့်အတူ ပျော်ရွှင်လွတ်လပ်သောအသက်တာကို ရရှိပြီး ဖြစ်ပါသည်။ ဘုရားသခင်က မှန်ကန်သက်သာသော အသက်တာကို ဖေါ်ပြသောကြောင့် သူတစ်ပါး၏အပြစ်ကို လွှတ်ရခြင်းအတွက် ခါးသီးမှု၊ နာကျည်းမှုများကို ခံစားရမည့်အစား အမှန်တကယ်ကျေနပ်စရာကောင်းပြီး၊ ပျော်ရွှင်လွတ်လပ်သော အသက်တာကို ရရှိပါသည်။

**၁တိမောသေ၊ ၁း၁၂– ငါ့ကိုခွန်အားနှင့် ပြည့်စုံစေတော်မူသော ငါတို့သခင်ယေရှုခရစ်၏ ကျေးဇူးတော်ကို ငါချီးမွမ်း၏။**

## လူသားအချင်းချင်း ခွင့်လွှတ်ခြင်း၊

ခွင့်လွှတ်ခြင်းဆိုသည်မှာ **သူတပါးကို အပြစ်တင် (သို့မဟုတ်) အပြစ်ပုံချမည့်အစား** ဘုရားသခင်၏လက်တော်တွင်းသို့ **ထိုအခြေအနေ(သို့မဟုတ်) ထိုအမှုအရာကို** အပ်နှံ၍ ရှေ့သို့ဆက်လှမ်းခြင်းဖြစ်သည်။

ကျွန်ုပ်တို့ယုံကြည်သူများအနေဖြင့် အဘဘုရားသခင်နှင့် မိဿဟာယဖွဲ့မှုကို နဂိုလ်မူလ အခြေအနေသို့ ပြန်လည်ရရှိခဲ့ကြသော်လည်း လူသားအချင်းချင်း ချစ်ခင်သင့်မြတ်ရန် ဝန်လေးနေကြသည်။

သမ္မာကျမ်းမှသွန်သင်ချက်သည် သင့်အားတစ်ဦးတစ်ယောက်က နှုတ်ဖြင့်သော်၎င်း၊ ကိုယ်ထိလက်ရောက်သော်၎င်း၊ ထိပါးနာကျင်စေလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ခွင့်လွှတ်တော်မူခြင်းကိုသားတော်အားဖြင့် လက်ခံရရှိသော ယုံကြည်ခြင်းအသိစိတ်ဖြင့် ခွင့်လွှင့်ရပေမည်။ သခင်ယေရှုခရစ်တော်၏ မိန့်မှာချက်သည်ကား ရှင်းလင်းပြတ်သားလှပေ၏။

**"သင်တို့သည် သူတပါးတို့၏ အပြစ်ကိုလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် သင်တို့၏အပြစ်ကို လွှတ်တော်မူမည်။ သင်တို့သည် သူတပါးတို့၏ အပြစ်ကိုမလွှတ်လျှင်၊ သင်တို့အဘသည် သင်တို့၏အပြစ်ကို လွှတ်တော်မမူ။"** (ရှင်မဿဲ၊ ၆း၁၄–၁၅)

**သူတပါးကိုခွင့်လွှတ်ရန်ငြင်းပယ်ခြင်း၊သူတပါး၏အပြစ်ကိုချည်နှောင်ထားခြင်းသည် 'အပြစ်' ဖြစ်၏။** ကျွန်ုပ်တို့သည် ဘုရားသခင်ထံတော်မှ ခွင့်လွှတ်တော်မူခြင်းကို ခံယူလိုလျှင် ကျွန်ုပ်တို့လည်း အချင်းချင်းပြုမိသော အပြစ်ကို ဦးစွာလွှတ်ရမည်။ **သူတပါး၏အပြစ်ကို အကျိတ်အခဲဖြင့် ရန်ငြိုးမထားရ။ ဂလဲ့စားခြေခြင်း၊ ရန်တုန့်ပြန်ခြင်းမပြုရ။ အကယ်၍ ရာဇဝတ်မှုကြီးဖြစ်ပါလေစေ သက်ဆိုင်ရာများမှ တရားဥပဒေအရတာဝန်ယူသွားပါလိမ့်မည်။** ဘုရားသခင်လက်တော်တွင်းအပ်နှံလိုက်ပါ။ ကျွန်ုပ်တို့ ယုံကြည်ကိုးကွယ်သော ဘုရားသခင်သည် တရားသောမင်း၊ ဂတိသစ္စာတည်သောအရှင် ဖြစ်ပါသည်။